# မေတ္တာသုတ်

| | |
|---|---|
| ၁။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။ | |
| ယဿာ | အကြင်မေတ္တာသုတ် ပရိတ်တော်၏ |
| အာနုဘာဝတော | တန်ခိုးရှိန်စော် အာနုဘော်ကြောင့် |
| ယက္ခာ | မြေ၌လှမ်းမိုး အုပ်စိုးစောင့်ကြပ် ဘုမ္မစိုးနတ်တို့သည် |
| ဘီသနံ | ရူပသဒ္ဒစသည်ကြောက်မက်ဖွယ်အာရုံကို |
| နေဝ ဒဿေန္တိ | မပြကြကုန် |
| ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။ | |
| ယမှိ | မေတ္တာသုတ်ပရိတ်တော်ကို |
| ရတ္တိန္ဒိဝ | ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း |
| မတန္ဒိတော | မပျင်းမရိလုံ့လပြု၍ |
| စေဝါနုယုဉ္ဇန္တော | အဖန်ဖန်ကြိုးကုတ်အားထုတ်သောပုဂ္ဂိုလ်သည် |
| ၂။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။ | |
| သုခံ | ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ |
| သုပတိ | အိပ်ရ၏ |
| သုတ္တော စ | အိပ်ပျော်သောအခါလည်း |
| ပါပံ | ယုတ်ညံ့သော |
| ကိဉ္စိ | မကောင်းသောအိပ်မက်ကို |
| န ပဿတိ | မမြင်မက်ရာ |
| ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။ | |
| ဧဝမာဒိ ဂုဏူပေတံ | ဆယ့်တစ်ပါးသောကျေးဇူးဂုဏ်နှင့်ပြည့်စုံသော |
| ပရိတ္တံ တံ | ဤမေတ္တာသုတ် ပရိတ်တော်ကို |
| ဟေ | သူတော်ကောင်းတို့ |
| ဘဏာမ | ရွတ်ဖတ်ပွားကြပါစို့ |

| ၃။ ကရဏီယာ မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။ | |
|---|---|
| သန္တံ | ငြိမ်သက်ငြိမ်းချမ်းသော |
| ယံ ပဒံ | နိဗ္ဗာန်တရားမြတ်သည် |
| အတ္ထိ | ဧကံအမှန်ရှိ၏ |
| တံ ပဒံ | ထိုနိဗ္ဗာန်တရားမြတ်ကို |
| အဘိသမေစ္စ | မဂ်ညဏ်ဖိုလ်ညဏ်ဖြင့်ဆိုက်ရောက်၍ |
| မတ္ထကုသလေန | အကျိုးကိုလိုလားသော အမျိုးကောင်းသားသည် |
| ကရဏီယံ | ကြိုးစားအားထုတ်အလုပ်လုပ်ရလိမ့်မည် |
| **သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိမာနီ။** | |
| သက္ကော | လုံ့လစွမ်းရည်နှင့်ပြည့်စုံသည်လည်းဖြစ်ရာ၏ |
| ဥဇူ စ | ကိုယ်နှုတ်နှစ်ပါး စင်ကြယ်သည်လည်းဖြစ်ရာ၏ |
| သုဟုဇူ | အတွင်းမနောစိတ် စင်ကြယ်သည်လည်းဖြစ်ရာ၏ |
| သုဝစော စ | ပညာရှိသူတော်ကောင်း၏ ဆုံးမစကားကို<br>နာလွယ်သည်လည်းဖြစ်ရာ၏ |
| မုဒု | ကိုယ်နှုတ်နှစ်ပါး သိမ်မွေ့သည်လည်းဖြစ်ရာ၏ |
| အနတိမာနီ | မာန်မာနမရှိသည်လည်းဖြစ်ရာ၏ |
| **၄။ သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။** | |
| သန္တုဿကော စ | မိမိမှာရှိသမျှနှင့်ရောင့်ရဲသည်လည်းဖြစ်ရာ၏ |
| သုဘရော စ | ရှိသမျှအဟာရဖြင့်တင်းတမ်သည်လည်းဖြစ်ရာ၏ |
| အပ္ပကိစ္စော စ | နည်းသောအမှုကိစ္စလည်းရှိရာ၏ |
| သလ္လဟုကဝုတ္တိ | ပေါ့ပါးသော အသက်မွေးခြင်းလည်းရှိရာ၏ |
| **သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ န နုဂိဒ္ဓေါ။** | |
| သန္တိန္ဒြိယော စ | ငြိမ်သက်သော ဣန္ဒြေလည်းရှိရာ၏ |
| နိပကော စ | ရင့်ကျက်သော ညဏ်ပညာလည်းရှိရာ၏ |
| အပ္ပဂဗ္ဘော | ကိုယ်နှုတ်နှလုံးသုံးပါးလုံး မကြမ်းတမ်းရာ၏ |
| ကုလေသု | (ရဟန်းတို့သည်) ဒါယကာတို့၌ |

| | |
|---|---|
| န နုဂိဒ္ဓေါ | တွယ်တာခြင်းကင်းသည်လည်းဖြစ်ရာ၏ |
| ၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပ ဝဒေယျုံ။ | |
| ယေန | အနည်းငယ်သောမကောင်းမှုကြောင့် |
| ပရေ | မိမိမှတစ်ပါးကုန်သော |
| ဝိညူ | ပညာရှိတို့သည် |
| ဥပ ဝဒေယျုံ | ကဲ့ရဲ့စကားဆိုတတ်ပေရာ |
| ခုဒ္ဒံ | ယုတ်ညံ့သော |
| ကိဉ္စိ | အနည်းငယ်မျှသော |
| န စ အာစရေ | မကောင်းမှုကို မပြုကျင့်ရာ |
| သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗတတ္တာ ဘဝန္တု သုခိတတ္တာ။ | |
| သဗ္ဗတတ္တာ | အလုံးစုံသော သတ္တဝါတို့သည် |
| သုခိနောဝ | ချမ်းသာသုခပြည့်စုံသည်လည်း |
| ခေမိနော | ဘေးရန်ကင်းကြသည်လည်း |
| ဟောန္တု | ဖြစ်ကြပါစေ |
| သုခိတတ္တာ | စေတသိကသုခနှင့် ပြည့်စုံသည် |
| ဘဝန္တု | ဖြစ်ပါစေကုန်သတည်း |
| ၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာဝ နဝသေသာ။ | |
| တသာ ဝါ | တဏှာလောဘမကင်းသောသူတို့သည်လည်းကောင်း |
| ထာဝရာဝါ | တဏှာလောဘကင်းသော<br>ရဟန္တာအရှင်သူမြတ်တို့သည်လည်းကောင်း |
| ယေ ကေစိ | ခပ်သိမ်းသော |
| ပါဏဘူတတ္ထိ | သတ္တဝါတို့သည်ရှိကြကုန်၏ |
| နဝသေသာ | အကြွင်းမဲ့ အလုံးစုံသတ္တဝါတို့ |
| ဒီဃာ ဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ။ | |
| ဒီဃာ | ရှည်သောသတ္တဝါ |
| မဟန္တာ | ကြီးသောသတ္တဝါ |

| | |
|---|---|
| မဇ္ဈိမာ | အလယ်အလတ်သတ္တဝါ |
| ရဿကာ | တိုသောသတ္တဝါ |
| အဏုကာ | သေးငယ်သောသတ္တဝါ |
| ထူလာ | ကြီးသောသတ္တဝါ |
| **၇။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊ ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။** | |
| ဒိဋ္ဌာ | မြင်အပ်သော( မြင်ဖူးသော) သတ္တဝါ |
| ယေဝါ | အကြင် သတ္တဝါတို့သည်လည်းကောင်း |
| အဒိဋ္ဌာ | မမြင်ဖူးသော (မမြင်အပ်သော) |
| ယေဝါ | အကြင် သတ္တဝါတို့သည်လည်းကောင်း |
| ဒူရေ | ဝေးသောအရပ်၌ |
| အဝိဒူရေ | နီးသောအရပ်၌ |
| ဝသန္တိ | နေကြကုန်သော |
| **ဘူတာဝ သမ္ဘဝေသီဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။** | |
| ဘူတာဝါ | နောက်တဖန်ဖြစ်ရာမရှိသော |
| သမ္ဘဝေသီဝါ | နောက်တစ်ဖန်ဖြစ်ရာရှိသော |
| သဗ္ဗသတ္တာ | အလုံးစုံသော သတ္တဝါတို့ |
| သုခိတတ္တာ | ကိုယ်စိတ်နှစ်ပါး သုခချမ်းသာ |
| ဘဝန္တု | ဖြစ်ကြပါစေ |
| **၈။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။** | |
| ပရော | တစ်ယောက်သောသူသည် |
| ပရံ | တစ်ယောက်သောသူအား |
| န နိကုဗ္ဗေထ | မလိမ်လည် မလှည့်ဖြားပါစေနှင့် |
| ကဉ္စိ ကတ္ထစိ | တစ်စုံတစ်ခုသော ကိစ္စ၌ |
| နာတိမညေထ | မထီမဲ့မြင် မပြုပါစေနှင့် |

<table>
<tr><th colspan="2">ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခ မိစ္ဆေယျ။</th></tr>
<tr><td>ဗျာရောသနာ</td><td>ကိုယ်နှုတ်ဖြင့်လည်းကောင်း</td></tr>
<tr><td>ပဋိဃသညာ</td><td>စိတ်ဖြင့်လည်းကောင်း</td></tr>
<tr><td>နာညမညဿ</td><td>တစ်ယောက်သည် တစ်ယောက်အား</td></tr>
<tr><td>ဒုက္ခ</td><td>ဆင်းရဲဒုက္ခကို</td></tr>
<tr><td>မိစ္ဆေယျ</td><td>(အဆိုးမြင်) မလိုလားပါစေနှင့်</td></tr>
<tr><td colspan="2">၇။ မာတာ ယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခ၊</td></tr>
<tr><td>မာတာ ယထာ</td><td>မွေးသမိခင် ကျေးဇူးရှင်သည်</td></tr>
<tr><td>နိယံပုတ္တံ</td><td>မိမိမှပေါက်ဖွားတဲ့ သားဖြစ်သော</td></tr>
<tr><td>ဧကပုတ္တံ</td><td>တစ်ယောက်တည်းသောသားကို</td></tr>
<tr><td>မာယုသာ</td><td>အသက်ထက်လည်း</td></tr>
<tr><td>မနုရက္ခ</td><td>အစဉ်တစိုက် စောင့်ရှောက်သကဲ့သို့</td></tr>
<tr><td colspan="2">ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။</td></tr>
<tr><td>ဧဝမ္ပိ</td><td>ဤမိခင်နှလုံးအတူလျှင်</td></tr>
<tr><td>သဗ္ဗဘူတေသု</td><td>ခပ်သိမ်းသောသတ္တဝါတို့သည်</td></tr>
<tr><td>အပရိမာဏံ</td><td>အပိုင်းအခြားမရှိသော</td></tr>
<tr><td>မာနသံ</td><td>မေတ္တာနှင့်ယှဉ်သောစိတ်ကို</td></tr>
<tr><td>ဘာဝယေ</td><td>မနေမနား ပွားများအားထုတ်ရာ၏</td></tr>
<tr><td colspan="2">၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံ ဘာဝယေ အပရိမာဏံ။</td></tr>
<tr><td>မေတ္တဉ္စ မာနသံ</td><td>မေတ္တာနှင့်ယှဉ်တဲ့စိတ်ကို</td></tr>
<tr><td>သဗ္ဗလောကသ္မိံ</td><td>ကာမ ရူပ အရူပလောကသုံးပါး၌</td></tr>
<tr><td>ဘာဝယေ</td><td>မနေမနား ပွားများအားထုတ်ရာ၏</td></tr>
<tr><td colspan="2">ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ မသပတ္တံ။</td></tr>
<tr><td>ဥဒ္ဓံ စ</td><td>အထက်ဖြစ်သော အရူပဘုံ</td></tr>
<tr><td>အဓော စ</td><td>အောက်ဖြစ်သော ကာမဘုံ</td></tr>
</table>

| | |
|---|---|
| တိရိယဉ္စ | အလယ်ဖြစ်သော ရူပါဝစရဘုံ |
| အသမ္ဗာဓံ | ဩကာသအားဖြင့်ကျပ်တည်းကျဉ်းမြောင်းမရှိသော |
| အဝေရံ | ရန်သူစိတ်မထားသော |
| မသပတ္တံ | ရန်ငြိုးကင်းမဲ့သော |
| ၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊ သယာနောယာဝတာဿ ဝိတမိဒ္ဓေါ။ | |
| တိဋ္ဌံ | ရပ်နေတုန်းလည်းမေတ္တာပွားပါ |
| စရံ | သွားနေတုန်းလည်းမေတ္တာပွားပါ |
| နိသိန္နော | ထိုင်နေတုန်းလည်းမေတ္တာပွားပါ |
| သယာနော | လျောင်းနေတုန်းလည်းမေတ္တာပွားပါ |
| ယာဝတာဿ | မည်သည့်ပုံစံဖြင့်မဆို |
| ဝိတမိဒ္ဓေါ | ငိုက်မျဉ်းခြင်းကင်းစင်၍ |
| ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု။ | |
| ဧတံ သတိံ | မေတ္တာနှင့်ယှဉ်သောစိတ်ကို |
| အဓိဋ္ဌေယျ | ဆောက်တည်ပွားများရာ၏ |
| ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု | ဤသို့မေတ္တာဖြင့်နေခြင်းကို မြတ်သောနေခြင်း (ဝါ) ဗြဟ္မာမင်းကဲ့သို့ နေခြင်းဟု ဘုရားအစရှိသော သူတော်ကောင်းတို့ဆိုပေ၏ |
| ၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။ | |
| ဒိဋ္ဌိဉ္စ | အတ္တဒိဋ္ဌိသို့လည်း |
| အနုပဂ္ဂမ္မ | မစွဲမကပ်ရောက်မူ၍ |
| သီလဝါ | လောကုတ္တရာသီလရှိသူသည် |
| ဒဿနေန | သောတာပတ္တိမဂ်ဉာဏ်နှင့် |
| သမ္ပန္နော | ပြည့်စုံသူသည် |

| ကာမေသု ဝိနယ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။ | |
| --- | --- |
| ကာမေသု | ဝတ္ထုအာရုံကာမဂုဏ်တို့၌ |
| ဂေဓံ | ကိလေသာဖြင့် တွယ်တာမက်မောခြင်းကို |
| ဝိနယ | တစ်စမကြွင်း အရှင်းပါယ်ရှားပြီးသော် |
| ဇာတု | စစ်စစ်ဧကန်အမှန်ပင် |
| ပုန | နာက်ထပ်တစ်ဖန် |
| ဂ္ဂဗ္ဘသေယျ | ပဋိသန္ဓေနေခြင်းသို့ |
| န ဟိ | မရောက်ရတော့ပေ |

**မေတ္တသုတ္တံ နိဋ္ဌိတံ။**